# လူမှုရေးဆိုင်ရာပြည်ဝင်ဗီဇာ (Social Visit Visa) လျှောက်ထားခြင်း။

## လူမှုရေးဆိုင်ရာပြည်ဝင်ဗီဇာ (Social Visit Visa) နှင့် ၄င်းဗီဇာ လျှောက်ထားရန် လိုအပ်သူများ။

၁။ မြန်မာနိုင်ငံသား/သူ နှင့် လက်ထပ်ထားသော ဂျပန်လူမျိုးများနှင့် အခြားနိုင်ငံခြားသားများ နှင့် နိုင်ငံခြား သား နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသော ၄င်းတို့၏ သားသမီးများ နှင့် ဂျပန်နိုင်ငံတွင် လက်ရှိ နေထိုင်သည့် ရပ်ကွက်၏ ထောက်ခံစာ KOSEKITOHON (ကိုဆေကီတိုးဟွန်) (Japanese Family Register) အတွင်းပါရှိသည့် ဆွေမျိုး အရင်းအခြာများ။

၂။ ယခင် မြန်မာနိုင်ငံ သား/သူ ဖြစ်ဖူးသူများ ( ယခင်ကိုင်ဆောင် ထားခဲ့သော မြန်မာ နိုင်ငံကူးလက်မှတ်အား သံရုံးသို့ ပြန်လည်အပ်နှံပြီး ပေးဆောင် ရန်ရှိသော ဝင်ငွေခွန်များကို ကျေပြွန်စွာထမ်းဆောင်ပြီးသူများ ဖြစ်ရပါမည်။)

၃။ အထက်ပါ အမှတ်စဉ် (၁) နှင့် (၂) နှင့် ကိုက်ညီသူများသည် မြန်မာနိုင်ငံရှိ မိဘ/ဆွေမျိုးများနှင့် တွေ့ ဆုံရန် အတွက် ဖြစ်စေ၊ အလည်အပတ် ဖြစ်စေ၊ မြန်မာနိုင်ငံရှိ မိသားစုနှင့်အတူ နေထိုင်ရန်ဖြစ်စေသွားရောက် သည့် အခါ လူမှုရေး ဆိုင်ရာပြည်ဝင်ဗီဇာ (Social Visit Visa) ရယူ လျှောက်ထားရန်လိုအပ်ပါသည်)

၄။ ဗီဇာရရှိသည့် နေ့မှ စ၍ (၃)လအတွင်း မြန်မာနိုင်ငံသို့ သွားရောက်နိုင်ပါသည်။

၅။ မြန်မာနိုင်ငံတွင် အများဆုံးနေထိုင်ခွင့် ကာလမှာ ရက်သတ္တ (၄) ပတ် သို့မဟုတ် (၂၈) ရက်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဆက်လက်နေထိုင် လိုပါက မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ လူဝင်မှု ကြီးကြပ်ရေးဌာန တွင်နေထိုင်ခွင့် ကာလအား ဆက်လက် သက်တမ်း တိုးပေးရန် လျှောက်ထားနိုင်ပါသည်။

၆။ မြန်မာနိုင်ငံတွင် နေထိုင်စဉ် အတွင်း မြန်မာနိုင်ငံအစိုးရမှ တရားဝင် အသိအမှတ်ပြု လိုင်စင် ထုတ်ပေးထားသည့် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း များတွင် သာမက ဆွေမျိုးများ၊ မိတ်ဆွေများ၏နေအိမ်များတွင်၊ တည်းခို နေထိုင်နိုင်ပါသည်။

## လူမှုရေးဆိုင်ရာပြည်ဝင်ဗီဇာ (Social Visit Visa) အား လျှောက်ထားရန် လိုအပ်သော စာရွက်စာတမ်းများ။

(၁) သံအမတ်ကြီး၊ မြန်မာသံရုံး၊ တိုကျိုမြို့သို့လိပ်မူလျှက် လျှောက်ထားသော လျှောက်လွှာ။
- http://www.myanmar-embassy-tokyo.net/visaforms/Social-Visit-Visa.pdf တွင် ထုတ်ယူ နိုင်ပါသည်။)

(၂) ဗီဇာလျှောက်ထားသူ နှင့် ၄င်း၏ မိသားစု အမည်များပါဝင်သော ဂျပန်နိုင်ငံတွင် လက်ရှိနေထိုင်သည့် ရပ်ကွက်၏ ထောက်ခံစာ ကိုဆေကီတိုးဟွန် (မူရင်းတစ်စောင်။

(၃) ပြည့်စုံစွာဖြည့်စွက်ထားသော သံရုံးမှ ထုတ်ပေးသောကိုယ်ရေးရာဇဝင်ပုံစံ
- http://www.myanmar-embassy-tokyo.net/Consular/CV-Page-1-to-3.pdf တွင် ထုတ်ယူ နိုင်ပါသည်။) – ဗီဇာလျှောက်ထားသူသည် ယခင် မြန်မာနိုင်ငံသား ဖြစ်ခဲ့ဖူးပါက ဤပုံစံအား ဖြည့်စွက်ရန် လိုအပ်ပါသည်။
- ဗီဇာလျှောက်ထားသူ နိုင်ငံခြားသား/သူ ဖြစ်ပါက ၄င်း၏ (ဇနီး သို့မဟုတ် ခင်ပွန်း ) မှလည်း ဖြည့်စွက်ပေးရန် လိုအပ်ပါသည်။) (ဖြည့်စွက်သူ၏ ကာလာဓါတ်ပုံ (Size 35 mm x 45 mm) ကပ်ရန် လိုအပ်ပါသည်။) ဓါတ်ပုံ မရိုက်ကူးခင် http://www.myanmar-embassy-tokyo.net/visainfo/ A-Photograph_Guidelines.pdf အား အရင်ကြည့်ရှုပါ။

(၄) မြန်မာနိုင်ငံကူး လက်မှတ်မိတ္တူ
- ဗီဇာလျှောက်ထားသူသည် မြန်မာနိုင်ငံသား ဖြစ်ခဲ့ဖူးပါက ယခင် မြန်မာနိုင်ငံကူး လက်မှတ်မိတ္တူ လိုအပ်ပါသည်။

- ဗီဇာ လျှောက်ထားသူ နိုင်ငံခြားသား ဖြစ်ပါက ၄င်း၏ (ဇနီး သို့ မဟုတ် ခင်ပွန်း )၏ မြန်မာနိုင်ငံကူးလက်မှတ် မိတ္တူ လိုအပ်ပါသည်။ (မြန်မာနိုင်ငံကူး လက်မှတ်မိတ္တူတွင် ဓါတ်ပုံပါရှိသော စာမျက်နှာ၊ ဗီဇာရရှိထားသော စာမျက်နှာ နှင့် မြန်မာသံရုံးမှ သက်တမ်း တိုးပေးထားသော စာမျက်နှာများအား တင်ပြ နိုင်ရပါမည်။)

(၅) ဗီဇာလျှောက်ထားသူများ ကိုင်ဆောင်ထားသော နိုင်ငံကူးလက်မှတ်မှာ လျှောက်ထားချိန်တွင် ဗီဇာထုတ်ပေးမည့် နေ့မှ သက်တမ်း (၆)လ ထက်ပိုသော သက်တမ်း ရှိရမည် ဖြစ်ပြီး ဗီဇာနှိပ်ရန် စာမျက်နှာ အလုံအလောက် (အနဲဆုံးနှစ်မျက်နှာ) ရှိသည့် နိုင်ငံကူးလက်မှတ် (မူရင်း) ဖြစ်ရပါမည်။ ထို့ ပြင် ဗီဇာလျှောက်ထားသူသည် ဂျပန်လူမျိုး မဟုတ်ဘဲ အခြား နိုင်ငံခြားသားများ ဖြစ်ပါက ဂျပန်နိုင်ငံသို့ပြန်လည် ဝင်ရောက်ရန် Re-Entry Visa ရရှိထားသူများ ဖြစ်ရပါမည် ။

(၆) ဗီဇာလျှောက်ထားသူ နိုင်ငံခြားသားမှ ဖြည့်စွက်ရန်လိုအပ်သောဗီဇာပုံစံများ

- Application of Entry/Business Visa Form (၁) ရွက် (ကာလာဓါတ်ပုံ (Size 35 mm x 45 mm) တစ်ပုံကပ်ရန်)
- မြန်မာနိုင်ငံတွင် နေထိုင်စဉ် အတွင်း မြန်မာနိုင်ငံအစိုးရမှ တရားဝင် အသိအမှတ်ပြု လိုင်စင် ထုတ်ပေးထားသည့် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း များတွင် သာမက ဆွေမျိုးများ၊ မိတ်ဆွေများ၏နေအိမ်များတွင်၊ တည်းခိုရန် နေထိုင်နိုင်ပါသဖြင့် လက်ခံမည့်သူ၏ အမည် နှင့် လိပ်စာကို အတိအကျဖော်ပြရပါမည်။
- (ပုံစံများအား http://www.myanmar-embassy-tokyo.net/visaforms/visaformsindex.html တွင် ထုတ်ယူနိုင်ပါသည်။)

(၇) **Visa Fees**

**ဘဏ်ငွေစာရင်းအသစ်** (၂၀-၅-၂၀၁၁ နေ့နေ့လည်ပိုင်းမှ စတင်အသုံးပြုနိုင်ပါသည်။)

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
Sumitomo Mitsui Banking Corporation
Gotanda Branch
Current(Non-Resident) Account
Account No. **4035008**
Tel : 03-3441-9291

ミャンマー連邦共和国大使館
三井住友銀行 五反田支店
当座 **4035008**
Tel : 03-3441-9291 - သို့ ဗီဇာကြေး တစ်ဦးလျှင် ယန်း၄၅၀၀ နှုံးဖြင့် ပေးသွင်းထားသော ဘဏ်ချ လံမူရင်း။

## လူမှုရေးဆိုင်ရာပြည်ဝင်ဗီဇာ (Social Visit Visa) အား စာတိုက်မှ ပေးပို့လျှောက်ထားခြင်း။

၁။ တိုကျိုမြို့ နှင့် အလှမ်းဝေး ကွာသော အရပ်ဒေသတွင် နေထိုင်ကြသူ များသည် စာတိုက်မှတစ်ဆင့် လျှောက်ထား ဆောင်ရွက် နိုင်ပါသည်။ ယင်းသို့ ဆောင် ရွက်ရာတွင် လျှောက်ထားသူ ထံသို့ ပြန်လည်ပေးပို့ ရာ၌ လိပ်စာများယွင်း၍ ပျောက်ဆုံးခြင်း မရှိစေရန်အတွက် လျှောက်ထားသူထံသို့ ပြန်ပို့ ပေးရန် အပြန်စာအိတ် တစ်လုံးအား အမည် (ဂျပန် နှင့် အင်္ဂလိပ်ဘာသာဖြင့်) ဗီဇာ လျှောက်လွှာ များနှင့် အတူ Myanmar Embassy, Visa Section, 4-8-26, Kita-Shinagawa, Shinagawa-ku, Tokyo 140-0001. သို့ ပေးပို့ရန် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ကာယကံရှင် ထံသို့ ပြန် လည် ပေးပို့ရာ၌

လိပ်စာများယွင်း၍ ပျောက်ဆုံးခြင်း မရှိစေရန် အတွက် ကာယကံရှင်မှ ဂျပန် တစ်နိုင်ငံလုံး မည်သည့်နေရာမဆို ပေးပို့နိုင်ပြီး ဂျပန်စာတိုက်များတွင် အလွယ်တစ်ကူ ဝယ်ယူနိုင်သော ယန်း ၅၀၀ တန်ဖိုးရှိ **EXPACK 500** စာအိတ် တစ်လုံးအား နေရပ်လိပ်စာ အပြည့်အစုံ ဖြည့်စွက်ရေးသားပြီး လျှောက်လွှာများ နှင့် အတူ သံရုံးသို့ ပေးပို့ ထားရန် ဖြစ်ပါသည်။

**日本全国一律500円**

**EXPACK 500 စာအိတ် ကိုသာအသုံးပြုပေးပါရန်မေတ္တာရပ်ခံအပ်ပါသည်။**

၂။ အထက်ဖော်ပြ စာရွက်စာတမ်းများသည် လူမှုရေးဆိုင်ရာပြည်ဝင်ဗီဇာ လျှောက်ရန် အတွက်သာ ဖြစ်ပါသည်။ ကောင်စစ်ဌာနမှ ထောက်ခံစာ တောင်းခံခြင်း ကိစ္စများပါ တစ်ပြိုင်တည်း ဆောင်ရွက်လိုပါက ကောင်စစ်ဌာနသို့ ဆက်သွယ်ပြီး လိုအပ်သော စာရွက်စာတမ်းများအား သီးသန့်စာအိပ်တစ်အိပ်ဖြင့် ပေးပို့စေလိုပါသည်။

၃။ ထပ်မံ သိရှိလိုသော အချက်များ ရှိပါက မြန်မာသံရုံး၊တိုကျိုမြို့၊ သို့ ဖုံးဖြင့် မနက် ၉ နာရီမှ ၁၂နာရီ၊ နေ့လည် ၁ နာရီမှ ညနေ ၄ နာရီ ခွဲ အတွင်း ဖုံးနံပါတ် 03-3441-9291 မှ တဆင့် ဗီဇာဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ထပ်မံ လိုအပ်သော စာရွက်စာတမ်းများ ပေးပို့လိုပါက VISASECTION အမည်တပ်လျက် ဖက်စ်နံပါတ် 03-3447-7394 သို့ ပေးပို့နိုင် ပါသည်။

၄။ http://www.myanmar-embassy-tokyo.net/visaforms/visaformsindex.html တွင် လူမှုရေး ဆိုင်ရာ ပြည်ဝင်ဗီဇာ လျှောက်ရန် အတွက်စာရွက်စာတမ်းများအား Download လုပ်၍ ထုတ်ယူ နိုင်ပါသည်။